# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 17 , 2023 Volume 62, Number 11


၁၇.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၀.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၉.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၅.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၃၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


# ကမ္ဘာ့ရော်ဘာဈေးနှုန်းများနှင့်အတူ ပြည်တွင်းရော်ဘာဈေးနှုန်းများ အနည်းငယ် မြင့်တက်လာ


https://www.myawady.net.mm/node/35546

ကမ္ဘာ့ရော်ဘာဈေးနှုန်းများနှင့်အတူ ပြည်တွင်းရော်ဘာဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း မွန်ပြည်နယ်မှ ရော်ဘာခြံလုပ်ငန်းလုပ်ကိုင်သူများ၏ ပြောကြားချက်အရ သိရသည်။

လတ်တလောတွင် ထိုင်းနိုင်ငံရော်ဘာဈေးကွက်၌ နေလှန်းရော်ဘာ တစ်ပေါင်လျှင် ငွေကျပ် ၁၆၁၅ ကျပ်၊ မှိုင်းခံပြား ရော်ဘာ တစ်ပေါင်လျှင် ငွေကျပ် ၁၇၉၈ ကျပ်အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရော်ဘာဈေးနှုန်းများမြင့်တက်နေပြီး ပြည်တွင်းရော်ဘာဈေးနှုန်းမှာလည်း Local 3 မှိုင်းခံပြား တစ်ပေါင်လျှင် ငွေကျပ် ၁၂၅၀ နှင့် Local 3 နေလှန်း(လွတ်) တစ်ပေါင်လျှင် ငွေကျပ် ၁၂၄၀ အထိ ဈေးနှုန်းမြင့်တက်လာသည်။

"ဒီနှစ်ခြံဖွင့်ရာသီစစချင်း ဈေးကောင်းရတယ်။ ဒီထက်ပိုဈေးကောင်းရမယ်လို့လည်း မျှော်လင့်ထားပါတယ်" ဟု ရော်ဘာခြံပိုင်ရှင် ဦးအောင်သန်းကပြောသည်။ လက်ရှိတွင် ပြည်တွင်းငွေလဲနှုန်းငြိမ်နေပြီး ရော်ဘာပင်အရွက်ကြွေချိန်ဖြစ်၍ အစေးထွက်ရှိမှု နည်းပါးချိန်ဖြစ်သည့်အတွက် ဈေးကောင်း ပိုမိုရရှိရန်မျှော်လင့်ထားကြောင်း၊ ယခုရက်ပိုင်းအတွင်း ကမ္ဘာ့ရော်ဘာဈေးကွက်၌ ဈေးနှုန်းမြင့်တက်လာခြင်းသည် အဓိကအားဖြင့် တရုတ်နိုင်ငံ၏ ကိုဗစ်- ၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များဖြေလျှော့ပြီးနောက် စက်ရုံများအနေဖြင့် နှစ်သစ်ကူးမတိုင်မီနှင့် နှစ်သစ်ကူးပြီးနောက် ကမ္ဘာ့ရော်ဘာအထွက်နည်းသည့် Low Season အတွက် ကုန်ပစ္စည်းလက်ကျန်များကို ပြန်လည်အားဖြည့်နေ ခြင်းတို့ကြောင့်လည်း ပါဝင်ကြောင်း ကမ္ဘာ့ ရော်ဘာဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ထားသည်။

ပြည်တွင်းမှ စုစုပေါင်းရော်ဘာတင်ပို့မှု ၏ ၇၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သို့လည်း တင်ပို့မှုများရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35546

## မန္တလေးတွင် တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ပေါက်ဈေးရှိလာ


https://www.foodindustrydirectory.com.mm

မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃,၈၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဝယ်ယူမှုများပြားလာကြောင်း၊ ထိုသို့တရုတ်ကြက်သွန်ဖြူ ဝယ်ယူမှုများပြားလာခြင်းကြောင့် ဈေးကွက်အတွင်း ကုန်စည်လက်ကျန်နည်းပါးလာပြီး ဈေးကောင်းရရှိလာကြောင်းသိရသည်။ "ဇန်နဝါရီလ ပထမပတ်လောက်ကစပြီး အရည်အသွေးကောင်းမွန်တဲ့ တရုတ်ကြက်သွန်ဖြူတွေ ပြန်ပြီးအဝယ်လိုက်လာတယ်။ အခုလတ်တလော ဈေးကွက်ထဲ ကုန်စည်လက်ကျန်ကလဲ တဖြည်းဖြည်းနည်းပါးလာတာကြောင့် တရုတ်ကြက်သွန်ဖြူတွေ ဈေးကောင်းပြန်ရနေပါတယ်" ဟု မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်က ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလ ပထမပတ်က တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃,၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇန်နဝါရီ ၁၄ ရက် ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃,၈၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူ လက်လီလက်ကားရောင်းချနေတဲ့ ပွဲရုံတွေမှာလဲ အဝယ်ပြန်များလာတာကြောင့် ကုန်ပစ္စည်းလက်ကျန်နည်းလာတယ်။ အခုလက်ကျန်တွေကိုပဲ ဆက်ပြီးရောင်းပေးနေတယ်။ အခုကတော့ တရုတ်ကြက်သွန်ဖြူတွေရှားနေတာကြောင့် ဈေးကောင်းလဲပြန်ရနေတယ်" ဟု အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်က ပြောပြသည်။

**Source: YDNP**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5627-in-mandalay,-the-price-of-chinese-garlic-is-3,800-kyats-per-pound.html

## ဇန်နဝါရီ ၁၆ ရက်တွင် ရန်ကုန်ရွှေအသင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၂၅၉၆၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၈၃၈၀၀၀ ဝန်းကျင်ရှိနေ

ဇန်နဝါရီ ၁၆ ရက်တွင် ရန်ကုန်ရွှေအသင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ၂၂၅၉၆၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၈၃၈၀၀၀ ဝန်းကျင်ရှိနေကြောင်းသိရသည်။

ဇန်နဝါရီ ၁၄ ရက်တွင် ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၈၅၀၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၁၃ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် အမြင့်ဆုံး ၂၈၁၅၀၀၀၊ အနိမ့်ဆုံး ၂၈၅၅၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။

စံချိန်တင်ဈေးနှုန်းအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆သိန်း သို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင်၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်က ၃၆၇၀၀၀၀ ထိ စံချိန်တင်မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင် ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈- ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ် လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာအရောင်းအဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/243166

## ရေထွက်ပို့ကုန်ရငွေကို ယွမ်၊ ဘတ်တို့ဖြင့် အခွန်ပေးသွင်းခွင့်ပြု

ရေထွက်ကုန်တင်ပို့ရောင်းချခြင်းကနေ ရရှိလာတဲ့ငွေကြေးကို တရုတ်ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့နဲ့ နိုင်ငံတော်ကို အခွန်အခပေးသွင်းနိုင်တယ်လို့ သိရှိရပါတယ်။

အဆိုပါ ယွမ်နဲ့ဘတ်ငွေ အသုံးပြုအခွန်အခပေးသွင်းခြင်းကို တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံတို့ထံ ရေထွက်ကုန်တင်ပို့ခြင်းက ရရှိတဲ့ ပို့ကုန်ရငွေအပေါ်သာ သက်ရောက်မှုရှိတာပါ။ "အရင်က ဒေါ်လာနဲ့ချိတ်ဆက်ပြီး စဉ်းစားရတဲ့လုပ်ငန်းတစ်ခု လျော့သွားတာပေါ့။ ယွမ်/ဘတ်တို့နဲ့လုပ်ခွင့်ရလို့ ကုန်သွယ်မှုဆောင်ရွက်တဲ့အပိုင်းမှာ လုပ်ကိုင်ရတာချောမွေ့သွားမယ့် အနေအထားရှိပါတယ်"လို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးကပြောပါတယ်။

လက်ရှိ ဒေါ်လာလိုချက်ကို လျှော့ချနိုင်ဖို့ တရုတ်နဲ့ထိုင်းနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးမှာ ယွမ်နဲ့ဘတ်ငွေကို အသုံးပြု ပေးချေခွင့်ပြုထားသလို အခွန်အခတွေကိုလည်း ယွမ်၊ ဘတ်နဲ့ ပေးချေဖို့ခွင့်ပြုထားခြင်းလည်း ဖြစ်ပါတယ်။

အကောက်ခွန်ဦးစီးဌာနကရရှိတဲ့ ကုန်သွယ်မှုအချက်အလက်တွေအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇန်နဝါရီလ ၆ ရက်နေ့အထိ ပြည်ပနိုင်ငံတွေထံ ရေထွက်ကုန်တင်ပို့ရောင်းချမှုကနေ အမေရိကန်ဒေါ်လာ သန်း ၅၆၀ ခန့် ရရှိထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

ရေထွက်ကုန်တွေကို တရုတ်၊ ထိုင်းနဲ့ဒေသတွင်းနိုင်ငံတွေအပြင် ဂျပန်နဲ့ဥရောပနိုင်ငံတို့ရဲ့ ဝယ်လိုအားရှိနေပြီး ပင်လယ်ရေကြောင်းကနေ တင်ပို့နေရသလို မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တောစတဲ့ နယ်စပ်လမ်းကြောင်းတွေကနေလည်း တင်ပို့ရောင်းချနေပါတယ်။

သတင်း – BETV Business

## ဇန်နဝါရီလ ဒုတိယပတ်အတွင်း မုံရွာကြက်သွန်နီ ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံများသို့ မိုးကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး နေ့စဉ်ပိဿာချိန် ၁၀၀၀၀ ခန့် ဝင်ရောက်လျက်ရှိပါသည်။

ပွဲရုံများသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့်ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်းသိရပါသည်။ ဇန်နဝါရီလ ဒုတိယပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက် ရှိသော မိုးကြက်သွန်နီပေါက်ဈေးနှုန်းများမှာ လက်ကားတစ်ပိဿာပေါက်ဈေးနှုန်းများမှာ (ကြီး) (၂၂၀၀-၂၅၀၀)ကျပ်၊ (လတ်) (၂၀၀၀-၂၂၀၀) ကျပ်၊ (သေး) (၁၇၀၀-၁၉၀၀)ကျပ်၊ အသေးဆုံး အစမှာ (၁၀၀၀-၁၅၀၀)ကျပ် နှုန်းနှင့် အလုံးအရွယ်အစားနှင့် အစို အခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိပါသည်။ မိုးကြက်သွန်နီ လက်လီဈေးနှုန်းများမှာ (ကြီး) (၂၆၀၀-၃၀၀၀)ကျပ်၊ (လတ်)(၂၂၀၀-၂၅၀၀) ကျပ်၊ (သေး) (၁၉၀၀-၂၀၀၀) ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျဆင်းလာကြောင်းသိရပါသည်။ ကြက်သွန်ဖြူလက်လီဈေးမှာ (ဗမာ) (၅၅၀၀-၆၀၀၀)ကျပ်၊ (ရှမ်းစ) (၄၅၀၀-၅၀၀၀)ကျပ်၊ ကြူကုတ် (၅၅၀၀-၆၀၀၀)ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်းသိရပါသည်။

**Source: ဇေယျာကုန်သွယ်မှုဗဟိုဌာန**

## ထိုင်းနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့အကြား(၄)နှစ်ကြာပြီးနောက် လွတ်လပ်သောကုန်သွယ်မှုဒေသ (Free Trade Area – FTA) ဆွေးနွေးမှုများပြုလုပ်

ထိုင်းနိုင်ငံသည် သီရိလင်္ကာနိုင်ငံနှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းလာစေရန် လွတ်လပ်သောကုန်သွယ်မှုဒေသ ဒုတိယအကြိမ် စေ့စပ်ညှိနှိုင်းမှုများကို စတင်သွားမည်ဖြစ်ကြောင်း ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေးဦးစီးဌာနက ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၉) ရက်နေ့တွင် ပြောကြားခဲ့သည်။ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် နှစ်ရက်ကြာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Auramo Supthaweethum က ပြောကြားခဲ့သည်။

ယခု ဒုတိယအကြိမ်ဆွေးနွေးညှိနှိုင်းမှုသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရပ်ဆိုင်းထားခဲ့သည့် ၂၀၁၈ ခုနှစ် ကျင်းပ ပြုလုပ်ရန် စီစဉ်ထားရှိမှုကို ပြုလုပ်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကိစ္စရပ်များ၊ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များ၊ ဝန်ဆောင်မှုနှင့် ပင်ရင်းထုတ်ကုန်များအပေါ် စည်းမျဉ်းချမှတ်ခြင်းများအစရှိသည့် နှစ်နိုင်ငံ ကုန်သွယ်မှုအပေါ် စည်းမျဉ်းစည်းကမ်းများကို အဓိကဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆွေးနွေးမှုများကို နောက်(၁)နှစ်၊ (၂)နှစ်အတွင်း အပြီးသတ်ရန် မျှော်လင့်ကြောင်း Ms Auramo က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှနိုဝင်ဘာလအတွင်း ထိုင်း-သီရိလင်္ကာ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ (၃၃၄.၃၁) မီလီယံ ရရှိခဲ့သည်။

ထိုင်းနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ(၂၅၃) မီလီယံရှိခဲ့ပြီး ရော်ဘာ၊ အဝတ်အထည်၊ ကျောက်မျက်ရတနာနှင့်စက်ပစ္စည်းအစိတ်အပိုင်းများကို တင်ပို့ခဲ့သည်။

သီရိလင်္ကာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တင်သွင်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ(၈၁.၃၁) မီလီယံ ရှိခဲ့ပြီး ကျောက်မျက်ရတနာ၊ စိန်၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ အဝတ်အထည်နှင့်ဓာတုပစ္စည်းများ တင်သွင်းခဲ့ကြောင်း Bangkok Post တွင် ဖော်ပြချက်အရ သိရှိရသည်။

**Source: Bangkok Post**

https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%

## ပြည်တွင်းစားသုံးမှုအတွက်အဆင့်မြင့်ဆန်များထုတ်လုပ်လာနိုင်သည့် နီပေါနိုင်ငံသည် မိမိကိုယ်ကို အားထားနိုင်သည့်အခွင့်အလမ်းရှိခြင်း



ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၈ ရက်နေ့ကစ၍ ပြည်တွင်းလိုအပ်မှု ပြည့်ဝစေရန်နှင့် ဈေးကွက်ပေါက်ဈေးမြင့်တက်မှုကို ထိန်းချုပ်ရန်အတွက် အိန္ဒိယနိုင်ငံသည် ဆန်ကွဲတင်ပို့မှုကို တားမြစ်ခြင်းနှင့် ဆန်အမျိုးမျိုးတင်ပို့မှုအပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်းချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ နည်းလမ်းကြောင့် ဆန်သွင်းကုန်ကို အလွန်အကျွံမှီခိုနေရသော နီပေါဈေးကွက်တွင် စားနပ်ရိက္ခာ ဈေးနှုန်းများကို မြင့်တက်လာစေခဲ့ပြီး၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလလယ်တွင် ဆန်အပါအဝင် သီးနှံထွက်ကုန်များ၏ ဈေးနှုန်းသည် ၉.၁၉ ရာခိုင်နှုန်းထိ တစ်ရှိန်ထိုးတက်ခဲ့ကာ ယခင်နှစ် အလားတူကာလထက် ၂.၀၈ ရာခိုင်နှုန်း သိသိသာသာထိုးတက်ခဲ့ကြောင်း၊ နီပေါသည် အကြမ်းဖျင်းအားဖြင့် အဆင့်မြင့်

ဆန်များကို လုံလောက်ပြည့်မီအောင် ထုတ်လုပ်ထားသော်လည်း နိုင်ငံတွင်းဝယ်လိုအားများသောကြောင့် လုံလောက်မှု မရှိကြောင်းကို The Annapurna Express သတင်းဌာနက ဖော်ပြထားပါသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏အဆိုအရ နီပေါနိုင်ငံ၏ စုစုပေါင်းဆန်ထွက်ရှိမှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် နိုင်ငံအတွင်းစားသုံးရန် အများကြိုက်ဆန် အမျိုးအစားမဟုတ်သည့် motachamal (ဆန်ကြမ်း) အမျိုးအစားဖြစ်ကြောင်းသိရှိရပါသည်။

နီပေါလူမျိုးများ၏ ဝင်ငွေတိုးမြင့်လာမှုနှင့် နေ့စဉ်စားသုံးမှုပုံစံ တိုးတက်ပြောင်းလဲ လာမှုကြောင့် ဆန်လုံးရှည်မျိုးများကို လူကြိုက်ပိုများလာသည့်အတွက် နီပေါသည် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ဆန်လုံးရှည်သွင်းကုန်အပေါ် ပို၍အမှီပြုလာရကြောင်း၊ အိန္ဒိယ၏ ဆန်တင်ပို့မှုအပေါ် ကန့်သတ်မှုနောက်ပိုင်း ဆန်စျေးများ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပါကြောင်း၊ သို့သော်လည်း အိန္ဒိယ၏ ဆန်တင်ပို့မှုဆိုင်ရာကန့်သတ်ချက်သည် နီပေါအတွက် အဆိုးထဲမှအကောင်းဖြစ်နိုင်ပြီး ပြည်တွင်းဆန်သာမက အခြားသီးနှံထွက်ကုန်များစားသုံးမှုကိုမြှင့်တင်နိုင်သည်ဟု တာဝန်ရှိသူများနှင့်ကျွမ်းကျင်သူများက ပြောကြားခဲ့ပါသည်။

အိန္ဒိယ၏ကန့်သတ်ချက်များကြောင့် လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ပထမငါးလအတွင်းတွင် ဆန်နှင့်သီးနှံထွက်ကုန်များတင်သွင်းမှုသည် ၄၀.၂ ရာခိုင်နှုန်း (ရူပီး ၂၀.၃၁ ဘီလီယံသို့) သိသိသာသာကျဆင်းလာခဲ့ကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမလေးလအတွင်း ဆန်နှင့်စပါးတင်သွင်းမှုသည် ၄၉.၇ ရာခိုင်နှုန်း(ရူပီး ၆.၆၈ ဘီလီယံအထိ) ကျဆင်းသွားပါကြောင်း၊ ယခင်နှစ်နိုဝင်ဘာလအစောပိုင်းတွင် အိန္ဒိယမှ နီပေါကိုကြိတ်ခွဲမထားသောဆန် တန်ချိန်ပေါင်း ၆ သိန်းတင်ပို့ခွင့်ပြုခဲ့ပါကြောင်းကိုနီပေါ Rastra ဘဏ်က ဖော်ပြထားပါသည်။

ယခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏လူဦးရေအတွက် ဆန်အလုံအလောက်ထုတ်လုပ်ထားသဖြင့် တင်သွင်းမှုလျော့ချခြင်းကြောင့် စားနပ်ရိက္ခာဖူလုံရေးအပေါ် စိတ်မပူသင့်ကြောင်း၊ တရားဝင်စာရင်းဇယားများအရ ယခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတစ်ဝန်းစပါးထွက်ရှိမှုသည် ၆.၉၄ ရာခိုင်နှုန်း (တန်သန်းပေါင်း ၅.၄၈) အထိ မြင့်တက်လာပြီး မိုးရာသီနှင့် ခြောက်သွေ့ရာသီနှစ်မျိုးလုံးအတွက် အကျုံးဝင်ကြောင်း၊ နီပေါနိုင်ငံသားများအနေဖြင့် ဆန်တစ်မျိုးတည်းကိုသာ စားသုံးမည်ဆိုပါက ယခုဘဏ္ဍာရေးနှစ်အတွက် ဆန်တန်ချိန်ပေါင်း ၅၅၀၀၀၀ လိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ အခြားသီးနှံ ထွက်ကုန်များကိုလည်း အဓိကအစားအစာအဖြစ် စားသုံးခြင်းဖြင့် အစားအသောက်အလေ့အထကို ပြောင်းလဲမည်ဆိုပါက နိုင်ငံအတွင်း စားနပ်ရိက္ခာပြတ်လပ်မှု မရှိနိုင်ကြောင်းကို စိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ကြီးချုပ်၏ စိုက်ပျိုးရေးခေတ်မီရေး အစီအစဉ်၌ အကြီးတန်းစောင့်ကြည့်အကဲဖြတ်ရေးအရာရှိ Hikmat Kumar Shrestha က ပြောကြားခဲ့ပါသည်။

သို့သော် နိုင်ငံတွင်းထွက်ရှိသောဆန်အများစုသည် motachamal (ဆန်ကြမ်း) အမျိုးအစားဖြစ်ပြီး၊ လယ်သမားများမှလည်း ဆန်လုံးရှည်ဆန်များ သို့မဟုတ် အဆင့်မြင့်ဆန်များ စိုက်ပျိုးရခြင်းသည် motachamal (ဆန်ကြမ်း) ကဲ့သို့ ထွက်နှုန်းမကောင်းသောကြောင့် မစိုက်ပျိုးလိုကြောင်း၊ ထို့ကြောင့် အိန္ဒိယမှ အဆင့်မြင့်ဆန်များကိုစားသုံးရန် ပိုမိုတင်သွင်းရသောကြောင့် နောက်ပိုင်းတွင် အစိုးရမှလည်း အဆင့်မြင့်ဆန်များစိုက်ပျိုးရန် တိုက်တွန်းဆောင်ရွက်မှုများရှိလာကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့ပါသည်။ Sunsari ခရိုင် Duhabi တွင် Arju ဆန်စက်ကို တည်ထောင်ခဲ့သော Buddha Air ပိုင်ရှင်ဖြစ်သူ Birendra Bahadur Basnet သည် လယ်သမားများကို အဆင့်မြင့်ဆန်အစားထိုးစိုက်ပျိုးခြင်း မစတင်ခင် စပါးများကို အနိမ့်ဆုံးစျေးနှုန်းဖြင့် ထောက်ပံ့ပေးမည်၊ ရိတ်သိမ်းပေးမည် လာရောက်ဝယ်ယူပေးမည်ဟု ကတိပြုထားကြောင်းကို ဖော်ပြထားပါသည်။

လယ်ယာထွက်ကုန်ပစ္စည်းအများစုသည် အိန္ဒိယမှလာကြောင်း၊ ယခင်နှစ်ကသွင်းကုန်များ အများအပြား တင်သွင်းလာမှုကြောင့် နိုင်ငံတွင်းအရန်သိမ်းဆည်းထားသော နိုင်ငံခြားသုံးငွေများ လျင်မြန်စွာလျော့နည်းလာမှုနှင့်စပ်လျဉ်း၍ နီပေါသည် “သီရိလင်္ကာအနေအထား” သို့ ရောက်သွားနိုင်သည့်အတွက် စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်းကို လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုနှင့်တင်သွင်းမှုအဆင့်အတန်း လေ့လာမှုစာစောင်တစ်ခုမှ ပြောကြားခဲ့မှုကိုကိုးကား၍ ဖော်ပြထားပါသည်။

အိန္ဒိယမှ ဆန်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်လိုက်ခြင်းသည် ပြည်တွင်းထုတ်ကုန်များနှင့် ထုတ်လုပ်မှုကို မြှင့်တင်ရန် အခွင့်အလမ်းတစ်ခုအဖြစ် မှတ်ယူသင့်ကြောင်း၊ ဆန်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များချမှတ်ထားသော်လည်း

တရားမဝင်လမ်းကြောင်းများမှတဆင့် နီပေါသို့ဆန်တင်သွင်းလာမှုများကြောင့် ဝေါ်မွတ်မှုဒဏ်ကိုခံစားရမည် မဟုတ်ကြောင်း နှင့် ရရှိလာသည့်အခွင့်အရေးကို အကျိုးရှိရှိအသုံးချသင့်ကြောင်းကို နီပေါ Rastra ဘဏ်၏အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့ပါသည်။

**Source: https://theannapurnaexpress.com/news/nepal-has-a-chance-to-become-self-reliant-on-fine-rice-production-36478**

**commerce.gov.mm**

## STOCK EXCHANGE (17.1.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,339 (Shares) | 6,793,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -200 | -2.27% | 8,600 | 8,600 | 8,600 | 500 | 4,300,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,300 | 3,350 | 3,300 | 214 | 706,300 | 38,929,150 | 130,413 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,008 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 425 | 807,500 | 24,720,530 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 200 | 980,000 | 10,497,598 | 51,438 |


### Market summary

As of 17th Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.08 | -2.69 | -0.69% | 391.77 | 391.77 | 387.96 | 1,339 | 6,793,800 | 7 | 676,852 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 17th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 1,339 (Shares) | 6,793,800 (MMK) |

### Main Board

As of 1:00 pm, 17th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,339 (Shares) | 6,793,800 (MMK) |

| MYANPIX | 389.08 ▼ 2.69 |
|---|---|
| Total Volume (shares) | 1,339 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 676,852 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 200 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR